# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 20, 2020 | Volume 27, Number 12


**၂၀.၁.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၆၂/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၅၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၆၈/- ကျပ် |
| CBM Rate | = ၁၄၆၆.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၂၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၇.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၁.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၁.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၀၇.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၃၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သုံးလကျော်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၉၄၀,၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေဒေါ်လာသန်း ၂၇၀ ကျော် ရရှိထား



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သုံးလကျော်တွင် ပြည်ပသို့ဆန်နှင့် ဆန်ကွဲတန်ချိန် ၉၄၀,၀၀၀ တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေဒေါ်လာ သန်း ၂၇၀ ကျော်အထိ ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၉၄၁,၈၃၅ ဒသမ ၄၉၃ အထိ တင်ပို့ထားပြီး ဝင်ငွေဒေါ်လာ ၂၇၀ ဒသမ ၂၃၀ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။ အဆိုပါကာလအတွင်း နိုင်ငံပေါင်း ၅၅ နိုင်ငံသို့ ဆန်တန်ချိန် ၆၄၈,၀၀၀ ကျော် တင်ပို့မှုမှ ဝင်ငွေဒေါ်လာသန်း ၁၉၀ ကျော်ရရှိထားသည်။ ထို့အတူ နိုင်ငံပေါင်း ၄၆ နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၉၃,၀၀၀ ကျော်တင်ပို့မှုမှ ဒေါ်လာ ၇၆ သန်းကျော်ရရှိ ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှု နှစ်ခုစလုံးမှတင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိကဈေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ် သုံးလအတွင်း နယ်စပ်ကုန်သွယ်မှုမှ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၃၀,၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃၄ သန်းကျော် ရရှိထားသည်။ စုစုပေါင်းတင်ပို့မှု၏ ၁၅ ရာခိုင်နှုန်းခန့်ရှိသည်။ ပင်လယ်ရေကြောင်းတင်ပို့မှုမှ ဆန်နှင့်ဆန်ကွဲတန်ချိန် ၇၆၀,၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေအမေရိကန် ဒေါ်လာ သန်း ၂၂၀ ကျော်ရရှိထားသည်။ စုစုပေါင်းတင်ပို့မှု၏ ၈၅ ရာခိုင်နှုန်းကျော်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတန်ချိန် ၂ ဒသမ ၃၅၅ သန်းတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၇၀၉ ဒသမ ၆၉၃ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့မြန်မာ့ဆန်နှင့်ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သန်း နီးပါး

တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅ဝ ကျော်အတွင်း စံချိန်တင်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရ သည်။ ၂ဝ၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင် စပါးဈေး ကျဆင်းနေခြင်းနှင့် တောင်သူများ အခက်အခဲဖြစ်နေခြင်း ကိစ္စရပ်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဆောင်ရွက်သင့်သော ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သိုလှောင်ရုံအခက်အခဲ၊ အဆင့်အတန်းရှိသည့် စပါးများအခြောက်ခံရန် အခက်အခဲ၊ သယ်ယူပို့ဆောင်ရေးယာဉ် အခက်အခဲများရှိနေသဖြင့် လုပ်ငန်းတွင်ကျယ်မှု အားနည်းမှု များကိုတွေ့ရှိရကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ မေလ ၁၈ ရက်က ထုတ်ပြန် ထားသည်။ “ အရင်က တရုတ်နိုင်ငံကို တင်ပို့ခွင့်ရရှိတဲ့ ကုမ္ပဏီက ၁၁ ခုပဲရှိပါတယ်။ မကြာခင်က ဆန်စက်ပေါင်း ၁ဝဝ ကျော်ကို စစ်ဆေးမှုများ ပြုလုပ်ပြီးတဲ့ အခါကျတော့ ကုမ္ပဏီပေါင်း ၄ဝ ကျော် ရွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီကုမ္ပဏီတွေရဲ့ စာရင်းတွေကို တရုတ်နိုင်ငံဘက်ကို ပေးပို့ဖို့ ရှိပါတယ်။ ဒီလိုစစ်ဆေးပြီးသား ဆန်စက်များရဲ့ စာရင်းရောက်သွားတာနဲ့ တရုတ်နိုင်ငံဘက်ကို တင်ပို့မှုတွေ ပြန်လည် တင်ပို့နိုင်မှာဖြစ်ပါတယ်” ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ၂ဝ၁၉ ခုနှစ်အတွင်းက ပြောကြားထားသည်။ သတ်မှတ်ထားသော အခြေခံစပါးဈေးနှုန်း အောက်ကျဆင်းပါက နိုင်ငံတော်မှစပါးဝယ်ယူနိုင်ရန်အတွက် ရန်ပုံငွေအဖြစ် ကျပ် ၁၅ ဘီလျံ လျာထားခြင်းဖြစ်ပြီး လက်ရှိတွင် ယင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေကြောင်းသိရသည်။

**Source:** https://news-eleven.com/article/155081

## တနင်္သာရီတိုင်းဒေသကြီးထဲမှာ သဘာဝကော်ဖီသီးကို ကုန်ချောအဖြစ်ထုတ်လုပ်လာ




မြန်မာ-ထိုင်းနယ်စပ်ဖြစ်သောတနင်္သာရီတိုင်းဒေသကြီးထဲမှ မောတောင်မြို့တွင် ကော်ဖီသီးအပင်များကိုစိုက်ပျိုးပြီး သဘာဝ အတိုင်းကုန်ချောအဖြစ် ပြန်လည် ထုတ်လုပ်ရောင်းချနေကြောင်းသိရသည်။ မောတောင်မြို့တွင် ကော်ဖီသီးအပင်များ စိုက်ပျိုးသူ တောင်သူတချို့ရှိလာနေပြီး ထွက်ရှိလာသည့် အသီးအစေ့ကုန်ကြမ်းများကို အိမ်နီးချင်းထိုင်းနိုင်ငံကို အများဆုံး တင်ပို့ နေကြောင်း တောင်သူများထံမှသိရသည်။ မောတောင် မမော်ကော်ဖီခြံတာဝန်ခံ ဦးလင်းထိန်က“ဒီမောတောင်မြို့မှာ ကော်ဖီခြံစိုက်တဲ့ တောင်သူတွေရှိပါတယ်၊ ဒါပေမယ့် တောင်သူတွေက အခုချိန်မှာ စီးပွားဖြစ်စိုက်တဲ့သူတွေ များများစားစား မရှိသေးပါဘူး၊ တောင်သူတွေဆီက ထွက်လာတဲ့အသီး ကုန်ကြမ်းအစေ့တွေကို ထိုင်းဘက်ကို ရောင်းချနေရပေမယ့် ဈေးကောင်း မရဘူး ဖြစ်နေတယ်”ဟုပြောသည်။

လက်ရှိတွင် မောတောင်မြို့ မမော်ကော်ဖီခြံတွင် အရည်သွေးကောင်းသော ကော်ဖီသီး အပင်ရေတစ်သောင်းကျော်ကို မြေဧက ၅ဝ မှာ စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းနေကြောင်းသိရသည်။ အဆိုပါဒေသမှာ ရာသီဥတုမျှတခြင်းကြောင့် ပျိုးပင်စိုက်ခင်းများမှာ ၉၅ ရာခိုင်နှုန်းအထိ စိုက်ပျိုးအောင်မြင်နေကြောင်း ကော်ဖီသီးစိုက်တောင်သူများထံမှသိရသည်။ မမော် ကော်ဖီခြံပိုင်ရှင် ဒေါ်မမော်က “ကျွန်မတို့ခြံကထွက်တဲ့ ကော်ဖီသီးအစေ့တွေကို အရင်အဦးဆုံး ထိုင်းကိုကုန်ကြမ်းအနေနဲ့ တင်ပို့ ရောင်းပါတယ်၊ ဒါပေမယ့် ဟိုဖက်ကဈေးနှိမ်တော့ ကိုယ့်ဒေသမှာပဲ ဈေးကောင်းရအောင်ဘယ်လိုမျိုး ထုတ်လုပ်ရောင်းချရင် ကောင်းမလည်းဆိုတာ စိတ်ကူးရင်း ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချဖြစ်ခဲ့တယ်”ဟုပြောသည်။ မောတောင် ကော်ဖီသီး စိုက်ခင်းကို ၂ဝ၁၃ ခုနှစ်မှာ စတင်ခဲ့ရာ ၂ဝ၁၆ ခုနှစ်တွင် အသီးများစသီးခဲ့ခြင်းကြောင့် ထိုင်းနိုင်ငံဘက်သို့ မူလက ကော်ဖီအစေ့များ ရောင်းချခဲ့ကြောင်း၊ သို့သော် ဈေးနှိမ်ဝယ်ယူခြင်းကြောင့် ကုန်ကြမ်း အဖြစ်မှ တစ်ပိုင် တစ်နိုင် ကုန်ချောအဖြစ်

ကော်ဖီအမှုန့်နှင့် အသင့်ဖျော်သောက်၍ရသော Product ၂ မျိုးကို ထုတ်လုပ်ရောင်းချနေကြောင်း မောတောင် မမော်ကော်ဖီခြံ တာဝန်ခံ ဦးလင်းထိန်ကပြောသည်။

မောတောင် မမော်ကော်ဖီခြံပိုင်ရှင် ဒေါ်မမော်က "ထိုင်းမှာသူတို့ဆီက ကုန်ချောကော်ဖီအမှုန့်သွားဝယ်ရင် တစ်ကီလို ကို ဘတ် ၄၀၀ ပေးရတယ် ကိုယ့်ဆီကပေးလိုက်တဲ့ ကုန်ကြမ်းအသီးက တစ်ကီလိုမှ ၁၅ ဘတ်မှ ၃၀ အထိပဲရတော့ အရမ်းနစ်နာပါတယ်" ဟုပြောသည်။လက်ရှိမှာ ကုန်ချော ကော်ဖီအမှုန့်ကို ထုတ်လုပ်ရောင်းချနေသည်မှာ တစ်နှစ်ခန့် ရှိနေပြီဖြစ်ကြောင်း၊ ဒေသထုတ် ကော်ဖီအမှုန့် တစ်ထုပ်ကို ၄၀၀၀ ကျပ်မှ ၆၅၀၀ ကျပ်၊ ၈၀၀၀ ကျပ်အထိ အရွယ်အစားလိုက် ရောင်းချနေပြီး ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့် မြန်မာနိုင်ငံမြို့ကြီး တချို့သို့ တင်သွင်း ဖြန့်ချီလျက်ရှိကြောင်းသိရသည်။

ကော်ဖီသီးစိုက်ခင်းများ စိုက်ပျိုးအောင်မြင်လာခြင်းကြောင့် တောင်သူများစိတ်ဝင်စားပါက စိုက်ပျိုးနည်းနည်းပညာများကို ဝေမျှပေးသွားဖြစ်ကြောင်း မောတောင် မမော်ကော်ဖီခြံ တာဝန်ခံဦးလင်းထိန်ကပြောသည်။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင် တနင်္သာရီမြို့နယ်၊ မောတောင်မြို့တွင် ရေမြေသဘာဝအလျှောက် ရာသီဥတုမျှတသည့်အတွက် ကော်ဖီသီးများ စိုက်ပျိုးမည်ဆိုပါက အောင်မြင်နိုင်ကြောင်း ကော်ဖီစိုက်တောင်သူများထံမှသိရသည်။

**Source:** http://www.mizzimaburmese.com/article/65837

## စွမ်းအင်နှင့် စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် ချက်သမ္မတနိုင်ငံက ရင်းနှီးမြှုပ်နှံလို

စွမ်းအင်ကဏ္ဍနှင့် စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ချက်သမ္မတနိုင်ငံက လိုလားကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူအချို့ကပြောသည်။ ၂၀၁၉ ဇွန်လအတွင်း ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့သို့ သွားရောက်ခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နှစ်နိုင်ငံစီး ပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရန် ချက်သမ္မတနိုင်ငံနိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံအခြေစိုက် ချက်သမ္မတနိုင်ငံမှ သံအမတ်ကြီးက ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို ဇန် နဝါရီ ၁၆ ရက်တွင် လာရောက်တွေ့ဆုံပြီး စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကိုဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန်၊ စားသောက်ကုန်ကဏ္ဍတွင် ထုတ်ကုန်တိုးမြှင့်ရေးဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အပံ့ပေးရန်နှင့် ဘူမိဗေဒစစ်တမ်းများ ဆောင်ရွက်ရန်တို့ကို ချက်သမ္မတနိုင်ငံမှ သံအမတ်ကြီးကပြောကြားကြောင်း ကုန်သည်စက်မှုအသင်းချုပ်က သတင်းထုတ်ပြန်သည်။ သံအမတ်ကြီးနှင့် အသေးစိတ်တွေ့ဆုံဆွေးနွေးမှုအခြေအနေကို ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းသို့ ဆက်သွယ်မေးမြန်းရာ "ဆွေးနွေးထားတာတွေရှိပါတယ်။ ကျွန်တော်က လတ်တလောကျန်းမာရေးကြောင့် အသေးစိတ်မပြောနိုင်သေးပါဘူး" ဟု ပြန်လည်ဖြေကြားသည်။

ကုန်သည်စက်မှုအသင်းချုပ်၏ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်သည်စက်မှုအသင်းများသို့သွားရောက်၍ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သံအမတ်ကြီးကတွေ့ဆုံဆွေးနွေးလိုသည်ဟု ဖော်ပြထားသည်။ သို့သော် ၂၀၁၈ – ၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု၌ မြန်မာနှင့်ချက်သည် ကန်ဒေါ်လာ ၂၅ သန်းကျော် ကုန်သွယ်ထားသည်။ မြန်မာနိုင်ငံမှ ဒေါ်လာ ၁၇ သန်းကျော်တင်ပို့ထားပြီး ချက်သမ္မတနိုင်ငံမှ ဒေါ်လာ ခုနစ်သန်းကျော်တင်သွင်းထားကြောင်း စာရင်းတွင်ဖော်ပြထားသည်။

**Source:** https://7day.news/176345

## ဟောင်ကောင်အခြေစိုက် အာမခံကုမ္ပဏီ AIA မြန်မာ့အသက်အာမခံလုပ်ငန်းဈေးကွက်သို့ဝင်ရောက်လာ

ဟောင်ကောင်အခြေစိုက် အာမခံကုမ္ပဏီ AIA က မြန်မာနိုင်ငံတွင် လုပ်ငန်းစတင်ကြောင်းကြေညာခြင်းနှင့် ကုမ္ပဏီ ဖွင့်လှစ်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ရန်ကုန်မြို့ Pan Pacific တာဝါ၌ကျင်းပသည်။ အဆိုပါအာမခံကုမ္ပဏီ AIA သည် ၂၀၁၉ နိုဝင်ဘာတွင် ပြည်တွင်း၌ အသက်အာမခံလုပ်ငန်းကို လုပ်ကိုင်ခွင့်ရခြင်းဖြစ်သည်။ AIA ၏ အာမခံလုပ်ငန်းဆောင်ရွက်သည့်နိုင်ငံများတွင် မြန်မာနိုင်ငံသည် ၁၈ နိုင်ငံမြောက်ဖြစ်လာသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဈေးကွက်သေးငယ်သည့် အသက် အာမခံလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်မည်ဟု AIA ကုမ္ပဏီအုပ်စုအမှုဆောင်အရာရှိချုပ် မစ္စတာ Ng KengHooi က ပြောသည်။ "မြန်မာနိုင်ငံကို အရမ်းကို ရင်ခုန်ပါတယ်။ လူဦးရေလည်းများတယ်။ လူငယ်နဲ့လူလတ်တန်းစား တိုးတက်မှုလည်းများတယ်"ဟု

မြန်မာနိုင်ငံဆိုင်ရာ အမှုဆောင်အရာရှိချုပ် မစ္စတာ Tan Hak Leh ကပြောသည်။

မြန်မာ့အသက်အာမခံလုပ်ငန်းသည် လူဦးရေ၏ သုညဒသမ ၀၁ ရာခိုင်နှုန်းသာရှိပြီး ဖွံ့ဖြိုးတိုးတက်ရန်လိုသေးကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က ပြောသည်။ အမေရိကန်၊ ဂျပန်ကုမ္ပဏီများအပါအဝင် နိုင်ငံခြားအသက်အာမခံကုမ္ပဏီငါးခုကို ပြည်တွင်း၌ ပထမဆုံး လုပ်ကိုင်ခွင့်ပြုခဲ့ပြီး နိုင်ငံခြားကုမ္ပဏီများသည် အသက်အာမခံနှင့်အထွေထွေအာမခံလုပ်ငန်းတို့ လုပ်ကိုင်ခွင့်ရမည်ဖြစ်သည်။ အသက်အာမခံလုပ်ငန်းကို ၁၀၀ ရာခိုင်နှုန်းပြည့် နိုင်ငံခြားကုမ္ပဏီများကို လုပ်ပိုင်ခွင့်ပေးခြင်းဖြစ်ပြီး ကျန်အာမခံလုပ်ငန်းများကို ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည်။

**Source:** https://7day.news/-176323

## မတ်ပဲတန်ချိန် နှစ်သိန်းခွဲတင်သွင်းရန် အိန္ဒိယအစိုးရ ခွင့်ပြုထားသော်လည်း အိန္ဒိယကုမ္ပဏီများလိုင်စင်မရသေး၍ မဝယ်သေး



၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံသို့ မတ်ပဲတန်ချိန်လေးသိန်း ခွင့်ပြုထားပြီး တန်ချိန် တစ်သိန်းခွဲတင်သွင်းပြီးဖြစ်ကာ ကျန်ရှိသည့် တန်ချိန် နှစ်သိန်းခွဲအား အိန္ဒိယအစိုးရက တင်သွင်းခွင့်ပြုထားသော်လည်း အိန္ဒိယပဲ ကုမ္ပဏီများအနေဖြင့် လိုင်စင်မရသေး၍ ပဲဝယ်ယူမှုမရှိသေးကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုမ္ပဏီများအသင်းမှသိရသည်။ "ဒီနေ့အထိ ကုမ္ပဏီတွေက လိုင်စင်မရသေးဘူး။ သူတို့အတွက် တန်ချိန်ခွဲတမ်းကိုတောင် ဘယ်ကုမ္ပဏီက ဘယ်လောက်ဆိုပြီး ကြေညာထားသေးတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့မြန်မာနိုင်ငံကလည်း စောင့်ကြည့်နေတာပါ။ အိန္ဒိယပဲ ကုမ္ပဏီတွေ အနေနဲ့လည်း လိုင်စင်ထွက်လာမှ ပဲဝယ်ယူမှု စတင်နိုင်မှာဆိုတော့ မလာနိုင်သေးတာပါ။ ကျွန်တော်တို့ရောင်းမယ့် နိုင်ငံကတော့ ဘယ်ဈေးဖြစ်ဖြစ် ရောင်းဖို့ပဲ။ ကြိုက်ဈေးရရ၊ မရရ လာဝယ်ရင်တော့ရောင်းမှာပဲ။ လက်ရှိမှာ ပဲဈေးက သိပ်အပြောင်းအလဲ မရှိပါဘူး"ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံသို့ မြန်မာ့မတ်ပဲတင်သွင်းခွင့်ကို တန်ချိန် လေးသိန်းအထိသတ်မှတ်ခဲ့ပြီး တန်ချိန်တစ်သိန်းခွဲကို တင်ပို့ပြီးဖြစ်ကြောင်း၊ တင်သွင်းရန် ကျန်ရှိနေသည့် တန်ချိန်နှစ်သိန်းခွဲကို ဆက်လက် တင်သွင်းခွင့်ပြုကြောင်း ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မတ်ပဲနှင့်ပဲစင်းငုံအား အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ပြီး အိန္ဒိယအစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လမှတင်ကာ ပြည်တွင်း ပဲတင်သွင်းခွင့်ကို ကန့်သတ်ခဲ့ရာ မြန်မာပဲစိုက်ပျိုးသူတောင်သူများနှင့် ပဲကုန်သည်များ အခက်တွေ့ခဲ့ရသည်။

မြန်မာ့ပဲမျိုးစုံအား အိန္ဒိယနိုင်ငံသို့ စဉ်ဆက်မပြတ် တင်ပို့သွားနိုင်ရေးနှင့်ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် အိန္ဒိယနိုင်ငံ၊ ချန်နိုင်းမြို့ရှိ ကောင်စစ်ဝန် Prof. Rangana-than J တို့ ဇန်နဝါရီ ၃ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**Source:** https://myanmar.mmtimes.com/news/134061.html

## မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအပိုင်း၌ အထည်ချုပ်ကဏ္ဍသည် ယခင်နှစ်များထက် ရာခိုင်နှုန်း ၆၀ အထိ တိုးတက်လာဟုသိရ

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအပိုင်း၌ အထည်ချုပ်ကဏ္ဍသည် ယခင်နှစ်များထက် ရာခိုင်နှုန်း ၆၀ အထိ တိုးတက် လာခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ " မြန်မာ့စီးပွားရေး လေ့လာမှုအစီရင်ခံစာ အနှစ်ချုပ်" မိတ်ဆက်ပွဲအခမ်းအနားမှသိရသည်။ "ကုန်ထုတ်လုပ်မှုပိုင်းမှာ ကြည့်မယ်ဆိုရင် အထည်ချုပ်ပိုင်းကတော့ တော်တော်လေးကိုမြင့်တယ်။ ရာခိုင်နှုန်း ၆၀ လောက်

တိုးတက်လာတယ်ဆိုတာတွေ့ရတယ်။ နှစ်အလိုက်ပေါ့။ ပြီးခဲ့တဲ့နှစ်က ၅၅ ရာခိုင်နှုန်း အခုဆိုရင် ၆၀ ရာခိုင်နှုန်းအထိ တော်တော်လေးကို အထည်ချုပ်ပိုင်းက တိုးတက်လာတာကိုတွေ့ရတယ်” ဟု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ဌာနေကိုယ်စားလှယ် (ယာယီ) ဖြစ်သူ Gevorg Sargsyan က ပြောကြားသည်။

လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာသန်း ၈၅၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၈၀ ကျော်ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။ “ဒီဘဏ္ဍာနှစ် ဒီဇင်ဘာ ၆ ရက်အထိ ဒေါ်လာ ၈၅၄ သန်း ရှိတယ်။ ကာလတူက ၇၇၁ သန်းပဲ ရှိတယ်” ဟု ဦးခင်မောင်လွင်ကပြောကြားသည်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ နှစ်လကျော်တွင် ပြည်ပသို့ အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၈၃ သန်းပိုမိုရရှိခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP စနစ်ဖြင့် လုပ်ဆောင်နေခြင်းဖြစ်ပြီး ပြည်တွင်း CMP လုပ်ငန်းများ၌ အထည်ချုပ်လုပ်ငန်းသည် အများဆုံးဖြစ်သည်။ လက်ရှိအချိန်တွင်လည်း CMP ပို့ကုန်များမှာ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ “ပုံမှန်ကလည်း CMP လုပ်ငန်းတွေက တောက်လျှောက်တိုးတက်နေတယ်။ နှစ်စဉ် နှစ်စဉ် တိုးတက်နေတဲ့ အခြေအနေမှာရှိတယ်” ဟု ဦးခင်မောင်လွင်ကဆိုသည်။ ၂၀၁၈ ခုနှစ်က အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါးရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၀ ဘီလျံရရှိရန် မျှော်မှန်းထားကြောင်း၊ ၂၀၁၉ ခုနှစ် မေ ၁၁ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်၌ကျင်းပသည့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး၌ အသင်းအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။

လက်ရှိတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတွင် အသင်းဝင် ၅၀၀ ကျော်ပြီး အလုပ်သမားခန့် ထားမှုမှာလည်း ငါးသိန်းကျော်ရှိကြောင်းသိရသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် လက်ခစားစနစ်ဖြင့် ချုပ်လုပ်ခြင်းဖြစ်သဖြင့် ချုပ်ခအနေဖြင့် ၁၀ ရာခိုင်နှုန်းခန့်သာရရှိကြောင်းသိရသည်။ အီးယူက မြန်မာနိုင်ငံကိုပေးထားသည့် GSP အခွင့်အရေး ပြန်လည်ရုပ်သိမ်းရန် ပြင်ဆင်နေခြင်းကြောင့် GSP ခံစားခွင့်ရရှိထားသည့် မြန်မာ့ပို့ကုန်များ ဈေးကွက်အသစ်ထိုးဖောက်နိုင်ရေး ကြိုတင်ပြင်ထားရန် အကြံပြုထားကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြောကြားသည်။ (၃၁) ကြိမ်မြောက် ဒုတိယသမ္မတ (၁) ဦးဆောင်သော ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၏ လစဉ် ပုံမှန်အစည်းအဝေးတွင် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခုကဲ့သို့ တင်ပြခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/155049

## ရေတ်ကောင်းဈေးထက်ဝက်ကျဆင်း၍ ရေးမြို့နယ်တောင်သူများအရှုံးပေါ်



မွန်ပြည်နယ် ရေးမြို့နယ်က ရေတ်ကောင်းတွေ ဈေးကွက်အတွင်း စတင်ဝင်ရောက်လာနေပေမယ့် ရေတ်ကောင်းဈေးနှုန်းဟာ ပြီးခဲ့တဲ့နှစ်ရဲ့ ဈေးထက်ထက်ဝက်နီးပါးလောက်သာရရှိကြတာကြောင့် တောင်သူတွေ အရှုံးပေါ်နေတယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့ ရေတ်ကောင်းရာသီပေါ်စ အဖွင့်ဈေးက ၁ ပိဿာကို ကျပ် ၈၀၀၀ အထိရရှိပေမယ့် အခုနှစ်အဖွင့်ဈေးက ကျပ် ၄၀၀၀ လောက်သာရရှိပြီး ထက်ဝက်လောက်ဈေးကျဆင်းခဲ့တယ်လို့ တောင်သူဦးစောလွင်ကပြောပါတယ်။ ရေတ်ကောင်းပင်တွေလည်း ပြီးခဲ့တဲ့နှစ်က သဘာဝဘေး ရေကြီးနစ်မြုပ်ဒဏ်ခံရလို့ ပျက်စီးဆုံးရှုံးခဲ့တာကြောင့် ရေတ်ကောင်း အထွက်နှုန်းလည်းကျဆင်းတာမျိုးတွေရှိပြီး ဈေးကွက်မှာဈေးကောင်းရဖို့ တောင်သူအများစုက မျှော်လင့်ခဲ့တာပါ။ \

လွန်ခဲ့တဲ့ ၅ နှစ်လောက်က ငရုတ်ကောင်းဈေးဟာ တပိဿာကို ၁၅၀၀၀ အထက်မှာရရှိခဲ့ပြီးနောက်ပိုင်း အာဆီယံနိုင်ငံတွေဖြစ်တဲ့ ဗီယမ်နမ်နိုင်ငံကထွက်ရှိတဲ့ ငရုတ်ကောင်းဈေးကွက်ကို ပြည်တွင်းငရုတ်ကောင်းက မယှဉ်ပြိုင်နိုင်တာကြောင့် ဈေးကောင်းမရရှိတာလို့ ငရုတ်ကောင်း ကုန်သည်တဦးကပြောပါတယ်။ ရေးမြို့နယ်ကထွက်ရှိလာတဲ့ ငရုတ်ကောင်းတွေကို ရန်ကုန်ဈေးကွက်အထိတင်ပို့ပြီး၊ အဲဒီကနေတဆင့် ပြည်ပနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယနဲ့တရုတ်နိုင်ငံတွေကို အဓိကတင်ပို့တယ်လို့ သိရပါတယ်။

**Source:** http://burmese.dvb.no/archives/367309

## လက်ရှိဘဏ္ဍာနှစ် သုံးလခွဲအတွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပစ္စည်းတင်သွင်းမှု ဒေါ်လာ ၁ ဒသမ ၇ ဘီလျံကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၂၀ ကျော် ပိုမိုတင်သွင်းထား

လက်ရှိဘဏ္ဍာနှစ် သုံးလခွဲအတွင်း ပြည်ပမှရင်းနှီးမြှုပ်နှံမှုပစ္စည်းတင်သွင်းမှု ဒေါ်လာ ၁ ဒသမ ၇ ဘီလျံကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၂၀ ကျော် ပိုမိုတင်သွင်းထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်စာရင်းများအရသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ ပြည်ပမှရင်းနှီးမြှုပ်နှံမှု ပစ္စည်းတင်သွင်းမှု ဒေါ်လာ ၁ ဒသမ ၇၈၁ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူတွင်မူ ဒေါ်လာ ၁ ဒသမ ၅၆၂ ဘီလျံသာရှိသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် သုံးလခွဲအတွင်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းတင်သွင်းမှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၂၀ ဒသမ ၃၃၂ သန်း ပိုမိုရရှိထားခြင်းဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှုကဏ္ဍမှ ဒေါ်လာ ၁၅ ဒသမ ၅ ဘီလျံ၊ သွင်းကုန်တင်သွင်းမှုကဏ္ဍမှ ဒေါ်လာ ၁၇ ဒသမ ၅ ဘီလျံဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၃ ဘီလျံရရှိရန်လျာထားကြောင်းနှင့် ပို့ကုန်သည် သွင်းကုန်ထက် လျော့နည်းနေသောကြောင့် ကုန်သွယ်ရေးလိုငွေ ဒေါ်လာနှစ်ဘီလျံခန့်ရှိမည်ဟုခန့်မှန်းထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကဆိုသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏဒေါ်လာ ၃၄ ဒသမ ၉၇ ဘီလျံကျော်ရှိကာ လျာထားချက်ဖြစ်သည့် ဒေါ်လာ ၃၁ ဘီလျံထက် ကုန်သွယ်မှုပိုမိုပြုလုပ်နိုင်ခဲ့သော်လည်း ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ၁ ဒသမ ၃၉ ဘီလျံကျော်အထိ ဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံ၏ တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းများကြောင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှု ပစ္စည်းတင်သွင်းမှု မြင့်တက်နေမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၇၆ ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၈၃ ဘီလျံခန့်ရှိသည်။ နိုင်ငံပေါင်း ၅၀ က စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားမှုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၀၄ ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၅ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ရာခိုင်နှုန်းကျော်၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် ၁၃ ရာခိုင်နှုန်းကျော်၊ အိမ်ခြံမြေ ကဏ္ဍတွင် ခုနစ် ရာခိုင်နှုန်းကျော်၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် သုံးရာခိုင်နှုန်းကျော်၊ သတ္တုတွင်းထွက်လုပ်ငန်းကဏ္ဍတွင် သုံးရာခိုင်နှုန်းကျော်စသည်ဖြင့်အသီးသီးရှိသည်။ ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ်အဆင့်ရှိသည့်နိုင်ငံ ဖြစ်လာစေရန်ရည်ရွယ်၍ နှစ် ၂၀ ကြာ ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းအား အကောင်အထည်ဖော်လျက်ရှိပြီဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/155078

## စာချုပ်ပြင်ဆင်မှုများပြီးစီး၍ ထားဝယ်အထူးစီးပွားရေးဇုန်ကို ယခုနှစ်အတွင်းစတင်တည်ဆောက်မည်

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး အကြောင်းကြားစာကို ထိုင်းကုမ္ပဏီထံပို့ဆောင်ပြီးစီး၍ ယခုနှစ်အတွင်း စီမံကိန်းတည်ဆောက်ရေး စတင်နိုင်မည်ဟု ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက ပြောသည်။ ထားဝယ်အထူးစီးပွားရေး ဇုန် ကနဦး စက်မှုဇုန်နယ်မြေစီမံ ကိန်းအတွက် စာချုပ်ပြင်ဆင်မှုများကို ဇန်နဝါရီလဆန်းတွင် ဆောင်ရွက်ပြီးနောက် အကောင်အထည်ဖော်ခွင့်ရထားသည့် အီတာလျံ-ထိုင်း ကုမ္ပဏီထံ အကြောင်းကြားစာပေးပို့ခဲ့သည်။

"ကုမ္ပဏီက ဘယ်နှရက်အ တွင်း အကြောင်းပြန်ရမယ်ဆိုတာ မျိုး သတ်မှတ်ထားတာရှိပါတယ်။ ၂၀၂၀ အတွင်း စီမံကိန်းနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ မျက်ဝါး ဝါးထင်ထင်မြင်သာဖို့ လုပ်ဆောင် သွားမှာပါ"ဟု အထက်ပါအတွင်း ရေးမှူးကပြောသည်။ ကနဦးစီမံကိန်းအတွက် စီမံကိန်း ကိုးပိုင်းပါဝင်သည်ဟုဆိုသည်။ ယင်းတို့အနက် ထိုင်းနယ်စပ်–ထားဝယ် အထူးစီးပွားရေး ဇုန်သွားရာ နှစ်လမ်းသွားလမ်း၊ စက်မှုဇုန်၊ ဓာတ်အားပေးစက်ရုံ၊ LNG (သဘာဝဓာတ်ငွေ့ရည်) ဆိပ်ကမ်း၊ တယ်လီကွန်းဆက်သွယ်ရေး၊ ဆိပ်ကမ်းငယ်နှင့် မြို့ပြစီမံကိန်းစသည်တို့ပါဝင်သည်ဟု ၎င်းကဆိုသည်။

ကနဦးစီမံကိန်းကို အသေး စားစက်မှုဇုန်လုပ်ငန်းဖော်ဆောင်ရန် သတ်မှတ်ထားပြီး ပင်မစီမံ ကိန်းကို အကြီးစားစက်မှုဇုန်အဖြစ် အကောင်အထည်ဖော်ရန် စီစဉ်ထားသည်ဟု စီမံခန့်ခွဲရေးကော်မတီကဆိုသည်။ ကနဦးစီမံကိန်းကို အီတာ လျံ–ထိုင်း ကုမ္ပဏီက လုပ်ကိုင်ခွင့်ရပြီး ပင်မစီမံကိန်းအတွက် ဂျပန်ကုမ္ပဏီတစ်ခု၊ ထိုင်းကုမ္ပဏီနှစ်ခု၊ တရုတ်ကုမ္ပဏီတစ်ခု၊ ဥရောပကုမ္ပဏီနှစ်ခုတို့နှင့် ညှိနှိုင်းနေသည်ဟု ယင်းကော်မတီထံမှသိရသည်။ ကနဦးစီမံကိန်းသည် မြေဧက ၆,၆၀၀ ကျော်ရှိပြီး၊ ပင်မစီမံကိန်းသည် မြေဧက ၄၈,၀၀၀ ကျော်ရှိသည်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၀၈ ကစတင်ပြီး လုပ်ငန်းလုပ်ကိုင်နိုင်ခြင်းမရှိ၍ စီမံကိန်းရပ်ဆိုင်းခဲ့သည်။ ၂၀၁၅ ဇူလိုင်တွင် စီမံကိန်း ပြန် လည်စတင်ရန် မြန်မာ–ထိုင်း– ဂျပန် သုံးနိုင်ငံ အစိုးရချင်းဆွေးနွေးပြီး ဂျပန်အစိုးရက စီးပွားရေးဇုန်အပါအဝင် ထားဝယ်ဒေသဖွံ့ဖြိုးရေး ဒေါ်လာ သန်း ၈၀၀ ကျော် ထုတ်ချေးရန်သဘောတူခဲ့သည်။

**Source:** https:/7day.news-176259

## ထိုင်ဝမ်သင်္ဘောပင်စိုက် မြစ်သားတောင်သူများ ဝင်ငွေကောင်း



မန္တလေးတိုင်း မြစ်သားမြို့နယ်မှာ ထိုင်ဝမ်သင်္ဘောပင်စိုက်ပျိုးတဲ့ တောင်သူတွေ ဝင်ငွေကောင်းနေကြတယ်လို့ သိရပါတယ်။ နေလသင်္ဘောပျိုးပင်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးဇော်သက်က "မြစ်သားနဲ့ကျောက်ဆည်မှာ ၂၀၁၈ ကစပြီး ဒါကို စီပွားဖြစ်စိုက်လာကြတယ်။ ၂၀၁၉ ခုနှစ်မှာ ပျိုးပင် ၄ သောင်းလောက်ရောင်းရတယ်။ ၁ ဧကကို အပင် ၇၀၀ လောက်စိုက်လို့ရတယ်။ အရင်းကတော့ သိန်း ၂၀ နဲ့ သိန်း ၃၀ ကြားမှာရှိနေတယ်။ အနည်းဆုံးအမြတ်ငွေ အရင်းရဲ့တဆ ၂၀ ရင်းရင် ၂၀ မြတ်တယ်။ ၃၀ ရင်းရင် ၃၀ မြတ်တယ်။ အစိမ်းရော၊ အမှည့်ရော ၂ မျိုးလုံး မြန်မာပြည်အနှံ့ရောင်းရတယ်။ နွေရာသီမှာ ပိုရောင်းရတယ် ဈေးပိုရတယ်၊ တခါစိုက်ထားရင် ဂရုစိုက်တဲ့အပေါ်မူတည်ပြီး တနှစ်ကျော် ခူးဆွတ်ရတယ်" လို့ပြောပါတယ်။

ထိုင်ဝမ်သင်္ဘောပင်မျိုး ၃ မျိုးရှိပြီး အစိုက်အများဆုံးကတော့ ရွှေနီ ၁၆၈ ဖြစ်ပြီး၊ ၇၈၆ မှုံးနီနဲ့ ၇၈၆ ဘရဏီတို့ကိုတော့ စိုက်ပျိုးတာနည်းပါးပါတယ်။ သင်္ဘောပင်စိုက်တောင်သူ ကိုပြေသိန်းက "မြတ်တာတော့မြတ်တယ်။ ပိုမြတ်အောင်ဆို ဈေးကွက်ကို လေ့လာ၊ ဝယ်လက်ကိုစနည်းနာပြီးမှစိုက်ပါ။ ဘယ်အချိန် ဈေးကောင်းရမလဲ ဈေးကောင်းတဲ့အချိန် ဖြိုင်ဖြိုင် ထွက်အောင် လုပ်နိုင်ရင် စီးပွားဖြစ်မယ်" လို့ ပြောပါတယ်။ ထိုင်ဝမ်သင်္ဘောပင်တပင်မှာ တစ်ခါသီးရင် အနည်းဆုံး အလုံး ၅၀ ကနေ ၇၀ အထိ သီးတတ်ပြီး အသီးတလုံးကို ၅၀၀ ကျပ်ကနေ ၉၀၀ ကျပ်အတွင်းရောင်းရပြီး ၆၀ ကျပ်သား(1kg) ရှိတဲ့ စံချိန်မီအသီးက ဈေးပိုရပါတယ်။

**Source:** http://burmese.dvb.no/archives/367423?fbclid=IwAR1TCD5e-eTcdIzSgMqdum1ZsXhXwRzupCFkEnz MXv_6xWZQr2xLLlrdjT0

## ဈေးကွက်အေးပြီး ကားအရောင်းအဝယ်ငြိမ်သက်သွားသည့် ရန်ကုန်ကားဈေးကွက်

ယခုနှစ်ဆန်းပိုင်း ဇန်နဝါရီလပထမပတ်တွင် ရာထူးအဆင့်သတ်မှတ်ချက်အလိုက် နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူ့ဝန်ထမ်းများအား ကားတင်သွင်းခွင့်ပြုမည့် ကြေညာချက်ထွက်ပေါ်လာပြီးနောက်ပိုင်း ကားအရောင်းစင်တာများနှင့် ကားပွဲစားတန်းများနေရာအသီးသီးတွင် လာရောက်မေးမြန်းသူ၊ စုံစမ်းသူဝယ်ယူသူများ မရှိသလောက်ရှားသွားပြီး

ဈေးကွက် အေးစက်သွားကြောင်းသိရှိရသည်။

ဇန်နဝါရီ ၂ ရက် ရက်စွဲဖြင့် နိုင်ငံ့ဝန်ထမ်း/ ပြည်သူ့ဝန်ထမ်းအဆင့်အလိုက် သတ်မှတ်ချက်၊ ကန့်သတ်ချက်များဖြင့် အခွန်များလျှော့ပေါ့၍ ကားတင်သွင်းခွင့်ပြုမည့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထွက်ပေါ်လာသည့်နောက်ပိုင်းတွင် ရန်ကုန်မြို့တွင် ကားဝယ်ရောင်းနေရာအသီးသီးနှင့် ကားပွဲစားတန်းအချို့မှာဈေးကွက်အေးစက်သွားပြီးအရောင်းအဝယ်ယာယီအားဖြင့် ငြိမ်သက်သလိုဖြစ်ပေါ်ကာ စောင့်ကြည့်နေကြကြောင်း ဝါရင့်ဝယ်ရောင်းအကျိုးဆောင် ကိုမြင့်ကျော်ကပြောသည်။ လတ်တလောဈေးကွက်ထဲတွင် အထူးသဖြင့် သိန်း ၄၀၀ အထက် ၅၀၀အထက် အမြင့်ကားများ အမေးနည်း၊ အဝယ်မရှိ ဖြစ်သွားပြီး သိန်း ၂၀၀ ဝန်းကျင် ဂျပန်ညာမောင်းကားလေးအချို့သာ အချင်းချင်းအလဲအထပ်ပုံစံဖြင့် အရောင်းအဝယ်ရှိပြီး လတ်တလောထုတ်ရောင်းမည့်သူများလာကြောင်း၊ ယခင်ကထက် ဈေးတန်းအရ ၅ သိန်း၊ ၁၀ သိန်း ဆင်းပေးသော်လည်း အဝယ်အလွန်နည်းသွားကြောင်း ၎င်းကပြောသည်။ ဆက်လက်၍ ဖြစ်ပေါ်လာနိုင်သည့် ကားဈေးကွက်အခြေအနေအား မေးမြန်းကြည့်ရာ အဆိုပါတန်ဖိုးကြီးကားပါမစ်များနှင့် နောက်ဆုံးအဆင့်ခွင့်ပြုပေးမည့် သိန်း ၃၀၀ တန် ကားပါမစ်များ ထွက်ရှိလာသည့် အခြေအနေပေါ်မူတည်၍ ကားဝယ်ရောင်းသမားများ ကားလုပ်ငန်းသမားများ စောင့်ကြည့်ရမည်ဖြစ်ပြီး ယင်းကာလမှာလည်း လုပ်ငန်းစဉ်အဆင့်ဆင့်ဖြတ်သန်းရန်လိုအပ်ကြောင်း ဒုတိယပတ်အတွင်း ဌာနဆိုင်ရာများမှ ပြုလုပ်သော ယာဉ်တင်သွင်းခွင့် အစည်းအဝေးများမှကြားသိရပြီး၊ အဆိုပါအခြေအနေများပေါ်မူတည်၍ စောင့်ကြည့်ရမည်ဖြစ်သောကြောင့် လတ်တလောကားဈေးကွက် အရောင်းအဝယ်ကောင်းမွန်လာရန် မဖြစ်နိုင်သေးကြောင်း ရှင်းလင်းပြောကြားသွားသည်။

**Source: commerce.gov.mm,** SFJ Strategy First Journal

## အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သောင်းကျော်ဖန်တီးပေးမည့် လုပ်ငန်း ၁၇ ခုအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀)အပါအဝင် ရက်သတ္တပတ်အတွင်း ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သတင်းထုတ်ပြန်ချက် (၁/ ၂၀၂၀) အား ဖြန့်ဝေခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ထုတ်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အချက် အလက်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်မှပြောကြားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုအစည်းအဝေးအမှတ်စဉ် (၁/ ၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၄)ခု၊ အတည်ပြုလုပ်ငန်း (၁၇)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၃၁၀.၄၅၁) သန်းကို ခွင့်ပြု/အတည်ပြုပေးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၁၀,၁၀၂)ဦး ကို ဖန်တီးပေးမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုခဲ့သည့် လုပ်ငန်းများအနက် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းအားဆောင်ရွက်သွားမည့် ဟောင်ကောင်အခြေစိုက် CNTIC VPower KY3 Limited လည်း ပါဝင်ပါကြောင်း၊ အဆိုပါလုပ်ငန်းမှ လျှပ်စစ်ဓါတ်အား ကီလိုဝပ်နာရီသန်းပေါင်း (၆၅၈.၈) သန်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး၊ ရာခိုင်နှုန်းပြည့် ပြည်တွင်း၌အသုံးပြုသွားမည်ဖြစ်ပြီး၊ ၂၀ ရာခိုင်နှုန်းအား ရခိုင်ပြည်နယ်ရှိ ပြည်သူလူထုများထံသို့ ဖြန့်ဖြူးမည်ဖြစ်ကာ ကျန်ရှိသည့် ၈၀ ရာခိုင်နှုန်းကိုသာ မဟာဓါတ်အားလိုင်းသို့ ဖြန့်ဖြူးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ အတွင်းရေးမှူးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဇန်နဝါရီလ (၁၀) ရက်နေ့ အထိ နိုင်ငံခြား

ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏအမေရိကန်ဒေါ်လာ (၁,၅၄၆.၉၄) သန်းဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ အမေရိကန်ဒေါ်လာ (၁၂၈.၄၀၀) သန်း အပါအဝင် ကျပ် (၇၁၆,၄၅၁.၂၈၄) သန်း ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများမှ သိရှိလိုသည်များကို မေးမြန်းကြပြီး မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်မှ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဟောင်ကောင်နှင့်ဗြိတိန်နိုင်ငံတို့ဖြစ်ပြီး အများဆုံးရင်းနှီး မြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၇.၀၄%) ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၆.၁၅%) ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီး မြှုပ်နှံမှု၏ (၁၄.၀၁%) ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားပါသည်။ အဆိုပါ သတင်းမီဒီယာတွေ့ဆုံပွဲသို့ ပြည်တွင်း ပြည်ပသတင်းမီဒီယာ (၁၀)ခုမှ သတင်းထောက် (၁၂)ဦး တက်ရောက်ခဲ့ကြပြီး သတင်းမှတ်တမ်းရယူခဲ့ကြပါသည်။

**Source:** https://business.facebook.com/SFJWeekly/posts/2945902512163688?__tn__=K-R

## စလစ်ပြန်ထုတ်ပေးထားသည့်ဖောက်စွပ်ယာဉ် သုံးလအတွင်း အစီးရေ ၅၀၀ ကျော်ရှိ

ဖောက်စွပ်ယာဉ်များကို သံရည်ကျိုအပ်နှံစေပြီး ယာဉ်အိုယာဉ်ဟောင်းအပ် အစားထိုးယာဉ်တင်သွင်းခွင့်ပုံစံ "ဃ" (စလစ်) ပြန်လည်ထုတ်ပေးထားသည့် အစီးရေသုံးလအတွင်း ၅၀၀ ကျော်ရှိပြီဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှသိရသည်။ အဆိုပါဖောက်စွပ်ယာဉ်များကို ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ကာ ယာဉ်အိုယာဉ်ဟောင်းအပ် အစားထိုးယာဉ် တင်သွင်းခွင့်ပုံစံ "ဃ" (စလစ်)ပြန်လည်ထုတ်ပေးလျက်ရှိရာ ဒီဇင်ဘာလကုန်အထိ စလစ်ထုတ်ပေးထားသည့် ယာဉ်အစီးရေ ၅၈ စီးရှိကြောင်း၊ ယင်းဌာနညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်က ဇန်နဝါရီ ၉ ရက်တွင်ပြောသည်။ ဒီဖောက်စွပ်စာရင်းတွေက အရင်သိမ်းထားတဲ့ဟာတွေရော၊ အခုသိမ်းထားတဲ့ဟာတွေရော ပါဝင်ပါတယ်။ ဖောက်စွပ်ယာဉ်တွေက မော်တော်ယာဉ်ဥပဒေအရဆိုရင် ခွင့်ပြုချက်ရတာလည်းမဟုတ်ဘူး။ ကြိုတင်ခွင့်ပြုချက်ယူတာလည်း မဟုတ်ဘူး။ အစိတ်ပိုင်းမမှန်မကန်ပြောင်းတာဖြစ်တယ်။ မှတ်ပုံတင်မယ့် ယာဉ်တစ်စီးကို ဒီလိုမျိုးအစားထိုးပြီးတော့ လုပ်တာဖြစ်တဲ့အတွက်ကြောင့် မော်တော်ယာဉ်ဥပဒေအရ ဒါမှတ်ပုံတင်ဖျက်ကိုဖျက်သိမ်းရမှာဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်က ပြည်သူရဲ့နစ်နာချက်တွေကို စာနာထောက်ထားပြီးတော့ အခုလိုဖြေလျှော့ထားခြင်းဖြစ်ပါတယ်ဟု ၎င်းကပြောသည်။ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လက်ရှိအချိန်အထိ မော်တော်ယာဉ်မှတ်ပုံတင်ဖျက်သိမ်းမိန့်ထုတ်ပြန်ပြီး ယာဉ်ပိုင်ရှင်များက လာရောက်အပ်နှံခြင်းမရှိသေးသည့် ယာဉ်ပိုင်ရှင်လက်ဝယ်ရှိ ယာဉ်များ၊ မှတ်ပုံတင်ဖျက်သိမ်းပြီး ရဲစခန်းများနှင့် ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့တွင် ထိန်းသိမ်းထားသည့် ယာဉ်များနှင့် အသစ်ထပ်မံတွေ့ရှိသည့် ယာဉ်များကိုစလစ်ထုတ်ပေးထားခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ ယခင်က ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပုဒ်မ-၁၈ (င) အရ အစိတ်အပိုင်း မမှန်မကန်ပြောင်းလဲထားသော Body Coach (ဖောက်စွပ်/ ဖြတ်ဆက်) ပါရှိသည့် မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းပြီး ရဲစခန်းများသို့ အပ်နှံစေခြင်း၊ မှတ်ပုံတင်မဲ့ ယာဉ်တစ်စီး (သို့ မဟုတ်) တစ်စိတ်တစ်ပိုင်းကိုအသုံးပြု၍ (ဖောက်စွပ်/ဖြတ်ဆက်) ပြုလုပ်ထားခြင်းကြောင့် ဥပဒေနှင့်မညီညွတ်ဟုဆိုကာ တားဆီးထိန်းသိမ်းခြင်းတို့ကိုဆောင်ရွက်ခဲ့သော်လည်း လက်ရှိအစိုးရလက်ထက်တွင် ပြည်သူများ၏ နစ်နာချက်များကို စာနာထောက်ထားသည့်အတွက် ဖြေလျှော့မှုများပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ယခုကဲ့သို့ ဖြေလျှော့ပေးမှုသည် ယခင်က မှတ်ပုံတင်ဖျက်သိမ်းဆောင်ရွက်ခဲ့သော ယာဉ်ပိုင်ရှင်ပြည်သူများ၏ ဆုံးရှုံးနစ်နာမှုများ အထိုက်အလျောက် သက်သာခွင့်ရရှိစေရေး၊ ယာဉ်သိမ်းဆည်းခံရသော ပြည်သူအများစု၏ အစားထိုးယာဉ်တင်သွင်းခွင့်ပုံစံ"ဃ" (စလစ်) ရယူလိုသည့် ဆန္ဒကိုဖြည့်ဆည်းနိုင်ရေး၊ အစိတ်အပိုင်း မမှန်မကန်ပြောင်းလဲထားသော Body Coach (ဖောက်စွပ်/ဖြတ်ဆက်) ယာဉ်များအားလုံး အပြီးတိုင်ဖျက်သိမ်းနိုင်ရေးတို့ကို ရည်ရွယ်ခြင်းဖြစ်ကြောင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိ မြန်မာတစ်ပြည်လုံးတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ် အစီးရေ ၁၁ သိန်းခန့်ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးတွင် အစီးရေငါးသိန်းလေးသောင်းကျော်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

**Source:** commerce.gov.mmယ SFJ Strategy First Journal

## ကန့်ဘလူမြို့နယ်အတွင်း ငရုတ်သီးမျိုးများ စမ်းသပ်စိုက်ပျိုးရန်ဆွေးနွေး



ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသထွက်ငရုတ်သီးများကို စမ်းသပ်စိုက်ပျိုးနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းနေကြောင်း ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှသိရပါတယ်။ ကန့်ဘလူဒေသဖွံ့ဖြိုးတိုးတက်စေရန်နဲ့ အရည်အသွေးကောင်းပြီး ဈေးနှုန်းရရှိတဲ့ ငရုတ်မျိုးများ စမ်းသပ်စိုက်ပျိုးနိုင်ရန် ဆွေးနွေးခဲ့တာဖြစ်တယ်လို့ ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောပါတယ်။

ကန့်ဘလူကထွက်ရှိတဲ့ ငရုတ်သီးတွေ အရည်အသွေးကောင်းတွေရရှိလာရေး၊ တောင်သူတွေအတွက်လည်း ဈေးနှုန်းကောင်းတွေရရှိစေဖို့အတွက် ငရုတ်သီးမျိုးများကို စမ်းသပ် စိုက်ပျိုး နိုင်ဖို့ ကန့်ဘလူက စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆွေးနွေးခဲ့တယ်။ မျိုးလေးတွေစမ်းမယ်၊ ပူးပေါင်းဆောင်ရွက်နိုင်မယ့်ကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်။

ယခုနှစ်အတွင်း မြန်မာ့ငရုတ်သီးကို ပြည်ပနိုင်ငံများကို တင်ပို့နိုင်ရန် စစ်ဆေးဆောင်ရွက်မှုများ လုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့ငရုတ်သီးကို ထိုင်းနဲ့ဗီယက်နမ်နိုင်ငံများကို အဓိကထားတင်ပို့နေတာဖြစ်ကြောင်းလည်း ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/to_grow_chili_varieties

## မုတ်သုံမမှန်ခဲ့သဖြင့် ၂၀၁၉-၂၀ အတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှုကျဆင်းမည်

၂၀၁၉-၂၀ ရာသီအတွင်း မုတ်သုံမမှန်ခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှုကျဆင်းသွားရန်ရှိနေပြီး၊ အစိုးရ၏ လျာထားချက်ကိုလည်း ပြည့်မီလိမ့်မည်မဟုတ်ကြောင်း အိန္ဒိယပဲလုပ်ငန်း၏ ကိုယ်စားပြုအဖွဲ့အစည်းဖြစ်သော သီးနှံနှင့် ပဲမျိုးစုံအသင်း IPGA က ထုတ်ပြန်လိုက်သည်။ အိန္ဒိယအစိုးရသည် ၂၀၁၉-၂၀ ရာသီအတွင်း နိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှုကို တန်ချိန် ၂၆.၃၀ သန်း ရရှိလိမ့်မည်ဟု လျာထားခဲ့သော်လည်း IPGA အသင်းကမူ လျာထားချက်အောက် ၁၀ % လျော့နည်းလိမ့်မည်ဖြစ်ကြောင်းနှင့် ပြည်ပမှ ပဲတန်ချိန် ၃ သန်းခန့် တင်သွင်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်းဆိုထားသည်။ "မိုးရာသီတုန်းက မုတ်သုံတာရှည်ပြီး မိုးလည်း များခဲ့တဲ့အတွက် မတ်ပဲနဲ့ ပဲတီစိမ်းလိုမျိုး ပဲသီးနှံတွေမှာ ထိခိုက် ပျက်စီးမှုတွေ ဖြစ်ခဲ့ပါတယ်။ မတ်ပဲက ၅၀ % နဲ့ ပဲတီစိမ်းက ၃၀ % အထွက် နည်းသွားမယ်လို့ ခန့်မှန်းပါတယ်" ဟု IPGA အသင်း၏ ဒုဥက္ကဋ္ဌ ဖြစ်သူ Bimal Kothari က ဇန်နဝါရီ ၉ ရက်နေ့တွင် ပြောဆိုသည်။

အိန္ဒိယနိုင်ငံ၏ နှစ်စဉ် ပဲစားသုံးမှုပမာဏသည် တန်ချိန် ၂၆ သန်းခန့် ရှိပြီး ပျမ်းမျှအားဖြင့် မတ်ပဲ တန်ချိန် ၃ သန်းနှင့် ပဲတီစိမ်း တန်ချိန် ၂ သန်းကို နှစ်စဉ် စိုက်ပျိုး ထုတ်လုပ်လျက်ရှိသည်။ လွန်ခဲ့သော ၂၀၁၅-၁၆ ရာသီက အိန္ဒိယတွင် ပဲဈေးများ စံချိန်တင်အောင် မြင့်တက်ခဲ့ပြီးနောက် ၂၀၁၆-၁၇ မှ စတင်၍ ၎င်းအစိုးရက ပဲအခြေခံဈေး တိုးပေးခြင်း၊ အစိုးရကိုယ်တိုင် ပြည်တွင်းထွက်ပဲများကို ဝယ်ယူပေးခြင်း၊ ပြည်ပမှ ပဲတင်သွင်းမှုအပေါ် ကန့်သတ် ထိန်းချုပ်ခြင်း စသည့် စီမံချက်များကို လုပ်ဆောင်ခဲ့ရာ ၂၀၁၇-၂၀၁၈ နှစ်များအတွင်း အိန္ဒိယ၏ ပြည်ပပဲတင်သွင်းမှုလည်း သိသာစွာ လျော့ကျသွားခဲ့သည်။

သို့သော် ၂၀၁၉ ဧပြီမှ နိုဝင်ဘာလအတွင်း အိန္ဒိယသည် ပြည်ပမှ ပဲမျိုးစုံတန်ချိန် ၂.၁၄ သန်းကို တင်သွင်းခဲ့ပြီး ဘဏ္ဍာနှစ်အကုန်တွင် တန်ချိန် ၃ သန်းအထိ ရှိလာမည်ဟုခန့်မှန်းရသည်။ ပဲမျိုးစုံ တန်ချိန် ၉ သိန်းခန့်ကို လာမည့် မတ်လကုန်အမီ တင်သွင်းရန်လည်းရှိနေသည်ဟု Bimal Kothari ကဆိုသည်။

အိန္ဒိယပဲအသင်း IPGA အနေဖြင့် ပြည်တွင်းပဲလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပြည်ပမှစားတော်ပဲတင်သွင်းမှုအပေါ် အစိုးရက အခွန် ၅၀ % ကောက်ခံနေခြင်းကို ဖယ်ရှားပေးရန်နှင့် မတ်ပဲတင်သွင်းမှုကို မတ်လ ၃၁ ရက်နေ့အစား မေလ ၃၁ အထိ သက်တမ်းတိုးမြှင့်ပေးရန် တောင်းဆိုထားသည်။

**Source:** https://www.facebook.com/gromaxxmyanmar/posts/462679461092030?__tn__=K-R

## သုံးလတာအတွင်း ပြည်ပသို့ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၆ သန်းကျော်ရရှိ

သုံးလတာအတွင်း ဆန်မက်ထရစ်တန်ချိန် ၉ သိန်းဝန်းကျင်အထိ ပြည်ပကိုတင်ပို့ခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရသိရှိရပါတယ်။ ပြီးခဲ့တဲ့နှစ်အောက်တိုဘာ ၁ ရက်နေ့မှ ဒီဇင်ဘာလကုန်ပိုင်းအထိ ဆန်မက်ထရစ်တန်ချိန် ၆ သိန်းကျော်နဲ့ ဆန်ကွဲတန်ချိန် ၂ သိန်း ၉ သောင်းဝန်းကျင်အထိတင်ပို့ခဲ့ပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှ ဆန်တန်ချိန် ၇ သိန်း ၆ သောင်းကျော်တင်ပိုခဲ့ပြီး ကန်ဒေါ်လာ ၂၂၁ သန်း ကျော်ရရှိခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးမှ ဆန်တန်ချိန် ၁ သိန်း ၃ သောင်းကျော်တင်ပိုခဲ့ပြီး ကန်ဒေါ်လာ ၃၄ သန်းကျော်ရရှိခဲ့ပါတယ်။

နိုင်ငံပေါင်း ၅၃ နိုင်ငံကိုတင်ပိုခဲ့ရာ အများဆုံးတင်ပို့ခဲ့တဲ့နိုင်ငံတွေမှာ တရုတ်နိုင်ငံကို တန်ချိန် ၂ သိန်းခွဲ၊ မာဒါစကာကို ဆန်တန်ချိန် ၈ သောင်း ၇ ထောင်ကျော်၊ မလေးရှားနိုင်ငံကိုတန်ချိန် ၂ သောင်း ၇ ထောင်ကျော်၊ ကင်မရွန်းနိုင်ငံကိုတန်ချိန် ၂ သောင်း ၄ ထောင်ကျော်နဲ့ မူဇမ်ဘာ့နိုင်ငံကို တန်ချိန် ၂ သောင်း ၃ ထောင်ကျော်တင်ပိုခဲ့ပါတယ်။ စုစုပေါင်းဆန်တန်ချိန် ၈၉၄,၈၈၉ တင်ပို့မှုမှ ကန်ဒေါ်လာ၂၅၆ သန်းကျော်အထိရှိခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ထုတ်ပြန်ချက်အရ သိရပါတယ်။

**Source:** မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2626-export-rice.html

## သတ္တမအကြိမ်မြောက် ဂျပန်-တောင်ကိုရီးယား ပို့ကုန်ထိန်းချုပ်ရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲကျင်းပခဲ့

ဒီဇင်ဘာလ ၁၆ ရက်နေ့က ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနနှင့် တောင်ကိုရီးယားနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနတို့အကြား သတ္တမအကြိမ်မြောက် ဂျပန်-တောင်ကိုရီးယားပို့ကုန်ထိန်းချုပ်ရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံမှကျွမ်းကျင်ပညာရှင်များက ပို့ကုန်ထိန်းချုပ် ရေးအစီအမံများနှင့် ဘေးအန္တရာယ်ရှိသည့် နည်းပညာများဆိုင်ရာ စိန်ခေါ်မှုအခြေအနေများကို အချင်းချင်းအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ နှစ်နိုင်ငံစလုံးမှ ပို့ကုန်ထိန်းချုပ်ရေး ဆိုင်ရာ ထိပ်တန်းအရာရှိများသည် တိုကျိုတွင်တွေ့ဆုံကာ ပြီးခဲ့သည့်လများက ဖြစ်ပွားခဲ့သည့် စီးပွားရေးပိုင်း မပြေလည်မှုများနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးတင်းမာခဲ့မှုများကို ပြန်လည်ရင်ကြားစေ့နိုင်ရေးအတွက် မူလလျာထားသည်ထက် ၃ နာရီခန့်ပိုကာ ၁၀ နာရီ ကြာခန့်ဆွေးနွေးခဲ့ကြပါသည်။ ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနက နှစ်နိုင်ငံအကြား ပို့ကုန်ထိန်းချုပ်ရေး အစီအမံဆိုင်ရာကိစ္စရပ်နှင့် လက်နက်ပြုလုပ်ရာတွင် အသုံးပြုနိုင်သည့် ကုန်ပစ္စည်းများ ပြန့်နှံ့လာမှုမှ တားဆီးနိုင်ရန် ချမှတ်ထားသည့် ပို့ကုန်ထိန်းချုပ်ရေးအစီအမံနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များအပါအဝင် မူဝါဒပိုင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြပါသည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ဂျပန်နိုင်ငံ၏ တောင်ကိုရီးယားနိုင်ငံမှ နည်းပညာဖြင့် ကုန်ပစ္စည်းများတင်ပို့မှုအပေါ် တင်းကျပ်သည့်စည်းမျဉ်းများ ချမှတ်ခဲ့သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိ၌ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနက အီလက်ထရောနစ်စက်မှုလုပ်ငန်းများနှင့် ဆီမီးကွန်ဒတ်တာများ ထုတ်လုပ်မှုအတွက် မရှိမဖြစ်အရေးပါသည့် photoresist ကို တောင်ကိုရီးယားနိုင်ငံသို့တင်ပို့ရန် ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုအားခွင့်ပြုပေးခဲ့ပါသည်။ နောက်တစ်ကြိမ်

မူဝါဒပိုင်းဆွေးနွေးပွဲ ထပ်မံကျင်းပ မည့်နေ့ရက်ကို အတိအကျ သတ်မှတ်ထားခြင်း မရှိသေးသော်လည်း မကြာမီကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဆိုးလ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံအစိုးရ အရာရှိများက ပြောကြားခဲ့ပါသည်။ ထို့အပြင် ယခုကဲ့သို့ ပို့ကုန်ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများ၊ ဆက်ဆံဆောင်ရွက်မှုများကို ဆက်လက်အကောင်အထည်ဖော်သွားရန် နှစ်ဘက်စလုံးက သဘောတူညီခဲ့ကြပြီး အကျိုးရလဒ်အနေဖြင့် နှစ်ဘက်စလုံးအနေဖြင့် ပို့ကုန်ထိန်းချုပ်ရေးအစီအမံများအပေါ် အပြန်အလှန်နားလည်မှုကို ချဲ့ထွင်နိုင်ခဲ့ကြပါသည်။ တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးတို့ ခရစ်စမတ်အကြိုနေ့တွင် trilateral summit ၏ ပူးတွဲအစည်းအဝေးအနေဖြင့် one-on-one meeting ကို ကျင်းပမည်ဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး-ဂျပန်**

## ၂၀၁၉ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ဆန်တင်ပို့မှုစံချိန်တင်

၂၀၁၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့သောဆန်ပမာဏ တန်ချိန် (၂.၂၂) သိန်းရှိခဲ့ပြီး ၂၀၁၈ ခုနှစ်ထက် ၃၅% တိုးမြင့်ခဲ့၍ စံချိန်သစ်ဖြစ်ပေါ်ခဲ့ကြောင်း သတင်းထောက်က (၁) ရက်နေ့တွင် တရုတ်နိုင်ငံ ပိုးမွှားကင်း စင်စစ်ဆေးရေး အသိအမှတ်ပြုလက်မှတ်အုပ်စု ကမ္ဘောဒီးယားကုမ္ပဏီမှသိရှိခဲ့ပါသည်။ အဆိုပါကုမ္ပဏီ၏အထွေထွေမန်နေဂျာ Mr.Chen က ၂၀၁၉ ခုနှစ် ကမ္ဘောဒီးယားမှတရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု သည် သိသာစွာတိုးမြင့်ခြင်းမှာ အဓိကအားဖြင့် တရုတ်ဘက်မှ တရုတ်၊ ကမ္ဘောဒီးယား နှစ်နိုင်ငံအစိုးရအကြား ဆန်ကုန် သွယ်မှုသဘောတူညီချက်စာချုပ်အရ ဝယ်ယူမှုပမာဏတိုးမြင့်ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားရှိ ဆန်ကုန်ချောထုတ်လုပ် စက်ရုံအများစုမှာလည်း ထုတ်လုပ်မှုနှင့်ကုန်စည်ထောက်ပံ့မှုစွမ်းအားများကို တိုးမြင့်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ Mr.Chen က ကမ္ဘောဒီးယားဆန်အသုတ်စီတိုင်းများ တရုတ်နိုင်ငံသို့ မတင်ပို့မီ တရုတ်နိုင်ငံပိုးမွှားကင်းစင် စစ်ဆေးရေးအသိအမှတ်ပြုလက်မှတ်အုပ်စု ကမ္ဘောဒီးယားကုမ္ပဏီမှပိုးမွှားကင်းစင် စစ်ဆေးသူများကို စေလွှတ်စစ်ဆေးမှုပြု၍ အရည်အချင်းပြည့်မီမှသာ ထုပ်ပိုးမှုခွင့်ပြုခြင်းဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကလုပ်ငန်းတွင်တစ်ခုအပါအဝင်ဖြစ်သောကြောင့် ဆန်သည် ၎င်းနိုင်ငံ၏ အရေးကြီးဆုံးစိုက်ပျိုးရေးလုပ်ငန်း တင်ပို့မှုထုတ်ကုန်ဖြစ်သည်။ ကမ္ဘောဒီးယားဆန်စပါးအသင်းဥက္ကဋ္ဌက ကမ္ဘောဒီးယား ဆန်တင်ပို့မှုလုပ်ငန်းရှင်များ ပထမအကြိမ် တရုတ်နိုင်ငံအပြည်ပြည်ဆိုင်ရာသွင်းကုန်ကုန်စည်ပြပွဲကို ပါဝင်တက်ရောက်ခဲ့ပြီး နောက် ကမ္ဘောဒီးယားဆန် တရုတ်နိုင်ငံသို့တင်ပို့မှု သိသာစွာမြင့်တက်လာ၍ တရုတ်နိုင်ငံသည်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်တင်ပို့မှုအကြီးဆုံးဈေးကွက်ဖြစ်လာခဲ့ပါသည်။

**Source:** https://www.facebook.com/shweliayarnews/

## STOCK EXCHANGE (20.1.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 20th Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,500 | 11,500 | 11,500 | 2,842 | 32,683,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,900 | 3,900 | 3,850 | 1,796 | 6,920,150 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,000 | 8,100 | 8,000 | 2,531 | 20,491,100 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 1,107 | 25,461,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,850 | 2,850 | 2,850 | 1,469 | 4,186,650 | 12,823,224 | 36,546 |


## Market summary

As of 20th Jan. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 466.89 | +9.43 | +2.06% | 467.56 | 467.56 | 466.89 | 9,745 | 89,741,900 | 5 | 639,325 |

### Index chart




# Market Overview

As of 1:00 pm, 20th Jan. 2020

| MYANPIX | 466.89 ▲ 9.43 |
|---|---|
| Total Volume (shares) | 9,745 |
| Total Value (MMK) | 90 mil |
| Listed Company | 5 |
| Market Cap. (MMK) | 639,325 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▼ 50 |